စိတ်ကူးချိုချိုအနုပညာ


# လူငယ်များအတွက် ငွေရေးကြေးရေး

ခင်မောင်ညို (ဘောဂဗေဒ)



# Money Matters for Young People

by A. Drew



mgyoe.com

mgyoe.com

# လူငယ်များအတွက်
# ငွေရေးကြေးရေး

**ခင်မောင်ညို(ဘောဂဗေဒ)**



KMN0031
1,200.00 KS

mgyoe.com

လူငယ်များအတွက် ငွေရေးကြေးရေး

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၄၀၁၃၃၈၁၁၁၀ နှင့်

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၄၀၀၁၉၉၀၂၁၁ တို့ဖြင့်

မျက်နှာဖုံးဒီဇိုင်း က.ဒ.ဝပြုလုပ်ပြီး ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချို စာအုပ်တိုက်၊ ၈၅၊ ၁၆၄ လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်နှင့် ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်၊ ရန်ကင်း၊ ရန်ကုန်တို့က ပထမ အကြိမ် စောင်ရေ- ၅၀၀ ရိုက်နှိပ်ကာ ၂၀၁၁ ၊ မေလတွင် တန်ဖိုး ၁၂၀၀ ကျပ်ဖြင့် ဖြန့်ချိသည်။

စာအုပ်ချုပ်

ခင်မောင်ညို(ဘောဂဗေဒ) ၃၃၁.၃

လူငယ်များအတွက် ငွေရေးကြေးရေး / ခင်မောင်ညို(ဘောဂဗေဒ) ။ -

ရန်ကုန်။

စိတ်ကူးချိုချိုစာပေ၊ ၂၀၁၁။

စာမျက်နှာ ၆၉ မျက်နှာ၊ ၁၃.၂ စင်တီ× ၂၀.၅ စင်တီ

(၁) လူငယ်များအတွက် ငွေရေးကြေးရေး

mgyoe.com

mgyoe.com

# မာတိကာ


- ဘာသာပြန်သူ၏ မိတ်ဆက်
- အမှာစကား
- အခန်း(၁) ကောင်းမွန်တဲ့ဘပ ၆
- အခန်း(၂) ဘယ်နှခါပေးမှာလဲ ၁၃
- အခန်း(၃) ဆယ်ကျော်သက်တွေနဲ့ အပေးအယူ ၁၆
- အခန်း(၄) ငွေကြေးစီမံခန့်ခွဲမှုအခြေခံ ၂၁
- အခန်း(၅) ဘဝနေနည်းအသစ်၊ အကြွေးအသစ် အဏ္ဍရာယ်အသစ် ၂၄
- အခန်း(၆) ဘာလို့ကြိုတွက်၊ ဘယ်လိုကြိုမှန်း ၃၁
- အခန်း(၇) ငွေများများသုံးလို့ရအောင် ၃၅
- အခန်း(၈) ဘဏ်စာရင်းဖွင့်ခြင်း ၃၉
- အခန်း(၉) ချေးငွေ ၄၃
- အခန်း(၁၀) ယာဉ်များ ၄၈
- အခန်း(၁၁) အိမ်ကခွာချိန် ၅၁
- အခန်း(၁၂) ပထမဆုံးရသည့်အလုပ် ၅၅
- အခန်း(၁၃) ပလပ်စတစ်ပိုက်ဆံ ၆၀
- အခန်း(၁၄) မလောင်းပါနဲ့ ၆၅
- အခန်း(၁၅) ထပ်ဆင့်တိုး၏စွမ်းပကား ၆၇
- နိဂုံး ၆၉


mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# ဘာသာပြန်ဆိုသူ၏ အမှာစာ

သမီးဆုနွယ်

ဖေဖေ ၂၀၀၉ ခုနှစ်ထဲမှာ ဩစတြေးလျနိုင်ငံကို စာတမ်းဖတ်ပွဲသွားတက်ပြီး အပြန်မှာ 'ကျောင်းသားဘောဂဗေဒ၊ ကျောင်းသားဘဏ်' ဆိုတဲ့အကြောင်း ဆောင်းပါးတစ်ပုဒ် ရေးခဲ့ဖူးတယ်။ သူတို့တက္ကသိုလ်တွေက ကျောင်းသားတွေ ဘဏ်ကို သုံးတတ်အောင်ဆွဲဆောင်တဲ့ လက်ကမ်းကြော်ငြာလေးကို အကြောင်းပြုပြီး အဲဒီဆောင်းပါးကို ရေးခဲ့တာပေါ့။

ဖေဖေတို့ရဲ့ မိတ်ဆွေကြီး ကာတွန်းဆရာ အော်ပီကျယ်က ၂၀၀၉ ခုနှစ် ဇူလိုင်လထဲမှာ မလေးရှားနိုင်ငံကို ရောက်သွားခဲ့တယ်။ အဲဒီမှာ ပီနန်စားသုံးသူအသင်းကိုရောက်တော့ Money Matters for Young People ဆိုတဲ့ စာအုပ်တစ်အုပ်ရလာခဲ့တယ်။ အဲဒီစာအုပ်ကို စိတ်ကူးချိုချို စာပေက ကိုစန်းဦးကိုပြတော့ ကိုစန်းဦးက သဘောကျပြီး ဖေဖေတို့ဆီကနေ့လိုက်အောင် ဘာသာပြန်ပေးဖို့အပ်တယ်။ ဖေဖေလက်ထဲရောက်တာတောင် အတော်လေးကြာသွားပြီဖြစ်ပေမယ့်၊ ဖေဖေ က တခြားအခန်းဆက် ၄ ခုလောက်လည်း ဘာသာပြန်နေတာဆိုတော့ ဒီစာအုပ်ကို စရုံပဲ စထားနိုင်ပြီး ဆုံးအောင်မရေးဖြစ်ဘူး။

သမီးသိတဲ့အတိုင်း ဖေဖေဆေးဝါးကုသခံဖို့ ဒီ ၂၀၁၀ အတွင်း ဘန်ကောက်ကို ၃ ခေါက်ရောက်ခဲ့တယ်။ ဆေးကုသစရိတ် သိပ်ကြီးမားလှပေမယ့် ဝိုင်းဝန်းကူညီ စောင့်ရှောက်ကြတဲ့ မိတ်ဆွေတွေ တပည့်တပန်းတွေကြောင့် ကိုယ်ကတစ်စိတ်တစ်ပိုင်းပဲ တာဝန် ထမ်းရပေမယ့် သိပ်တော့ မသက်သာလှဘူး။ ဒါကြောင့်နောက်ဆုံးအခေါက် ဘန်ကောက် ရောက်တော့ မွေးနေ့နဲ့လည်းနီး သင်္ကြန်နဲ့လည်းနီးနေပေမယ့် အိမ်ကိုပဲ အပြေးပြန်လာခဲ့တယ်။ မွေးနေ့က ရုံးပိတ်ရက်ဆိုတော့ မွေးနေ့ မတိုင်မီ ဖေဖေ့တပည့်တချို့ကို ဧည့်ခံကျွေးမွေးတယ်။ အိမ်က ဆွေမျိုးတွေကိုတောင် ဘာမျှမကျွေးဖြစ်ပါဘူး။ သင်္ကြန်ရက်မှာ ရေပက်လဲမထိုင်၊ ရေပက်ခံလည်း မထွက်၊ ဥပုသ်မစောင့်၊ ရိပ်သာမဝင်၊ ဒုလ္လဘရဟန်းလည်းမခံဘဲ 'အစိဋ္ဌါန်ဝင်' နေလိုက်တယ်။ လက်စ မသတ်နိုင်တဲ့ ရေးစရာတွေကိုလက်စသတ်တယ်။ ပထမဆုံး လက်စသတ်လိုက်တာက ဒီစာအုပ်ကလေးပဲ။ သမီးကိုပြောပြရတာကလည်း အကြောင်းရှိတယ်။

သမီးက အခုဆယ်တန်းစာမေးပွဲ ဖြေတဲ့အထိ ဖွားဖွားနဲ့အတူ နေတာများတော့ မုန့်ဖိုးကို ဖွားဖွားကထုတ်ပေးတယ်။ သမီး စုချင်တဲ့အခါစုထားတယ်။ ပြီးတော့ ဆရာ–ဆရာမတွေကို

mgyoe.com

mgyoe.com
ကန်တော့တယ်။ တစ်ခါတစ်ခါစုစုတို့လို သူငယ်ချင်းတွေကို မွေးနေ့ လက်ဆောင်ပေးတယ်။ ဖွားဖွားက အငှါးယာဉ်စီးသွားဖို့ ပိုက်ဆံ ထုတ်ပေးတဲ့အခါ သမီးကဘတ်စ်ကားစီးသွားပြီး ပိုငွေကို မုန့်စားပစ်တယ်။ ကိုယ်ကြိုက်တဲ့ အဝတ်အစားလေးတွေကို မေမေကဖြစ်ဖြစ်ဝယ်ပေးတယ်။ ဖေဖေနဲ့ သွားဝယ်တဲ့အခါဝယ်တယ်။ စိုးစံတို့လိုသူငယ်ချင်းတွေနဲ့ သွားဝယ်တဲ့အခါဝယ်တယ်။ သမီး ရင်ဆိုင်တွေ့ကြုံရတဲ့ ငွေရေးကြေးရေးအခက်အခဲက ဒီလောက်ပဲ မဟုတ်လား။ တစ်ခါကတော့ ဖေဖေရဲ့ ကင်မရာယူသွားတာ ရေဝင်လို့ပျက်သွားတာနဲ့ ရက်အတော်ကြာကြာ ဖေဖေမသိအောင် ဖုံးထားပြီး အဖေမေးတော့မှ ဘာလုပ်ရမှန်းမသိတာ ငိုပြီးပြောပြတယ်။ ဒါအကုန်ပဲမဟုတ်လား။

မကြာမီ သမီးတက္ကသိုလ်တက်ရမယ်။ နောက်ဆိုရင် ဘွဲ့တွေ ဘာတွေရ၊ အလုပ်တွေ ဘာတွေလုပ် ရမယ်။ ပညာတော်သင်တွေ ဘာတွေလည်း သွားချင်သွားရမယ်။ အဲဒီအခါကျ သမီးကိုယ်တိုင်ဝင်ငွေ ရှာရ၊ စုရဆောင်းရ၊ ခွဲရခြမ်းရ၊ ဘဏ်မှာငွေအပ်ရ၊ ငွေထုတ်ရ၊ အကြွေးဝယ် ကဒ်လို ကဒ်ပြားတွေသုံးရနဲ့ ကြုံတွေ့လာမယ်။ ဖေဖေတို့မကြုံဖူးတဲ့ ငွေရေးကြေးရေးအသုံး အဆောင်တွေ၊ စတော့ရှယ်ယာတွေ ဘာတွေနဲ့လည်း သမီးတွေ့ကြုံရမယ်။

အနာဂတ်မှာသမီးတို့ ငွေကြေးစီမံခန့်ခွဲတတ်ဖို့ မိဘတွေက သင်ပေးရမယ်။ သမီးတို့ ကိုယ်တိုင်လည်း လေ့လာဆည်းပူးကြရမယ်။ ဝင်ငွေဘယ်လောက်ပဲရှိနေနေ ငွေကိုကောင်းကောင်း မစီမံတတ် မခန့်ခွဲတတ်ရင် စစ်မှန်တဲ့ချမ်းသာမှုကို ရရှိနိုင်မှာမဟုတ်ဘူး' ငွေကြေးဆိုတာ ပြည်တွင်းမှာရှိတဲ့ ငွေကြေးကိုသာမက ပြည်ပနိုင်ငံတကာမှာ သုံးနေတဲ့အကြွေးဝယ်ကဒ်တွေ၊ အရစ်ကျစနစ်နဲ့ ဝယ်ကြတာတွေ အိမ်ငှားတာ အပေါင်ခံတာတွေပါ။ သမီးတို့နားလည်ဖို့လိုတယ်။ တတ်ကျွမ်းဖို့လိုတယ်။ ညီမလေး နွေးနွေးနဲ့မောင်လေး မျိုးသန့်တို့ကို မုန့်ဖိုးပေးလိုက်တာ။ စားချင်တာတွေလဲ ဝယ်ပြီးရော၊ ကုန်ရောဆိုတာ ဒီမှာပြဿနာမရှိပေမယ့် သူများနိုင်ငံရောက်သွားရင် ဘယ်လိုလုပ်မလဲ။

သမီးတို့အရွယ်တွေ သမီးတို့အရွယ်တွေရဲ့ အုပ်ထိမ်းသူတွေ၊ သားသမီးကို ပြည်ပပို့ ပညာသင်ဖို့ ရည်ရွယ်တဲ့သူတွေအတွက် ဒီစာအုပ်ကလေးဟာ အထောက်အကူဖြစ်ကောင်းပါရဲ့။

သထုံလမ်း၊ ကမာရွတ်

ဖေဖေ

mgyoe.com

mgyoe.com



# လူငယ်များအတွက် ငွေရေးကြေးရေး

**အမှာစကား....**

သူတို့ဘဝကို ကောင်းကောင်းဖြတ်သန်းနိုင်စေမယ်လို့ ယူဆတဲ့ တန်ဖိုးထားမှုတွေ၊ မူတွေ ကလေးတွေကို သင်ပေးကြတယ်။ ကျောင်းတွေက ကောင်းမွန်မှုတွေတန်ဖိုးထားမှုတွေ၊ အလုပ်ကောင်းကောင်းရစေဖို့ ဒါမှမဟုတ် ကောလိပ်တွေ တက္ကသိုလ်တွေ ဆက်တက်ဖို့အတွက် ပညာတွေသင်ပေးတယ်။

ဒါပေမဲ့ အတော်များများကတော့ ဘဝနဲ့ပတ်သက်တဲ့ အရေးပါတဲ့ သင်ခန်းစာတစ်ခုကို သင်ပေးဖို့မေ့နေကြတယ်။ အဲဒါကတော့ ငွေကြေးကို ဘယ်လိုစီမံခန့်ခွဲရမလဲ ဆိုတာပါပဲ။

ချမ်းသာချမ်းသာ၊ ဆင်းရဲဆင်းရဲ၊ ငွေကို ကောင်းကောင်းမစီမံတတ်ရင်တော့ ကြွေးတင်မှာပဲ။

ပိုက်ဆံမရှိဘဲ နေလို့မရဘူး။ ပိုက်ဆံရှိရင် ပျော်မယ်။ ဒါပေမဲ့ ဂရုမစိုက်ရင် ဒုက္ခရောက်မယ်။ အကြွေးရှင်တွေက တစ်ချိန်လုံးအိမ်တံခါးလာခေါက်တာ ခံနေရသူတွေ၊ ငွေအကြေမချေနိုင်လို့ ဝယ်လာတဲ့ကားကို ပြန်သိမ်းမယ် အလုပ်ခံနေရတဲ့သူတွေကို မေးကြည့်စမ်း။ ကိုယ့်သားသမီးတွေ ကလေးတွေကို ဒီလိုဖြစ်စေချင်မယ်မထင်ဘူး။

mgyoe.com

ပိုက်ဆံရရုံလေးနဲ့ ငွေရေးကြေးရေးနဲ့ ပတ်သက်တဲ့ ပြဿနာတွေအားလုံး ပျောက်ကွယ်သွားတာ မဟုတ်ဘူး။ ချမ်းသာတဲ့သူတွေတောင်မှ ငွေကြေးကို ဘယ်လိုစီမံခန့်ခွဲရမလဲ မသိ၊ အကြွေးလည်ပင်းထိနေလို့ ပြဿနာတွေ တွေ့နေကြတယ်။

ငွေကြေးကိုဉာဏ်ပညာရှိရှိ ကိုင်တွယ်သုံးစွဲတာဟာ ပြဿနာရဲ့ အဖြေပဲ။ ဒါပေမဲ့ မိဘတွေအနေနဲ့ ကိုယ်တွေ့ခဲ့ရတဲ့ မြင်ကွင်းနဲ့ ကနေ့မြင်ကွင်းက တူတာမဟုတ်ဘူး။ ဥပမာ– ကိုယ့်လက်ထက်တုန်းက သူတို့ရဲ့ အကြွေးဝယ်ကဒ်တွေကို သုံးကြပါ၊ သုံးကြပါနဲ့ဘဏ်တွေ အများကြီးက လာပြောတာမျိုးရှိတာ မဟုတ်ဘူး။ ဒီနေ့ခေတ်မှာတော့ ကြိုတင်ငွေပေးစရာမလိုပဲ အရစ်ကျငွေပေးဝယ်နိုင်တယ်။

ကလေးတွေကို လွယ်လွယ်ရတဲ့ ချေးငွေလောကအတွက် ပြင်ဆင်မပေးလိုက်ရင် သူတို့ အသက်နှစ်ဆယ်ကျော်မှာပဲ ကိုယ်ဒေဝါလီခံရရင် သိပ်အံ့သြစရာမကောင်းလှဘူး။

တကယ့်လောကသစ်ကြီးတစ်ခု ဖြစ်နေတဲ့အတွက် ဒီစာအုပ်ဟာ မိဘတွေအနေနဲ့ သူတို့ရဲ့ကလေးတွေ ပုဂ္ဂလိက ငွေရေးကြေးရေးကိစ္စတွေရဲ့ အခြေခံတချို့ကို နားလည်ဖို့၊ ဒီစာအုပ်က အကူအညီပေးနိုင်မယ်လို့ ထင်ပါတယ်။

ကလေးတွေဟာ ဘယ်လောက်မုန့်ဘိုးကို ကျောင်းမုန့်ဆိုင်မှာ သုံးပြီး၊ ဘယ်လောက် တော့ချန်ထားမှပဲ ဆိုတာ ထက်မကတဲ့ ဆုံးဖြတ်ချက်တွေကို တစ်နေ့နေ့မှာ ချမှတ်ဖို့လိုပါလိမ့်မယ်။

ငွေရေးကြေးရေးကိစ္စတွေဟာ ကျောင်းပိတ်ရက်မှာ ပထမဆုံး အလုပ်လုပ်တဲ့နေ့၊ ဒါမှ မဟုတ် ကျောင်းကထွက်တဲ့အခါမျိုးမှာ ပိုပြီး ခက်ခဲရှုတ်ထွေးလာတယ်။

ဥပမာ– အိမ်ကထွက်ပြီးကျောင်းတက်မယ့် အလုပ်လုပ်မယ့် ကလေးတစ်ယောက်နဲ့ ကိုယ့်ဘာသာကိုယ်နေရင် စရိတ် ဘယ်လောက်ကုန်မယ် ဆိုတဲ့အကြောင်း အခြေခံဗဟုသုတတော့ ရှိထားဖို့လိုမယ်။ အိမ်ငှားရင် ဘယ်လောက်ပေးရမယ် ဘယ်လို အခွင့်အရေးတွေ ရမလဲဆိုတာလဲ သိထားသင့်တယ်။ အစားအသောက်နဲ့ ခရီးစရိတ် ဘယ်လောက်ချွေတာမှ ကိုယ်ရထားတဲ့ ငွေနဲ့ လောက်အောင်သုံးနိုင်မလဲဆိုတာ အကြံပေးသင့်တယ်။

ဒီ့အပြင် လွယ်လွယ်နဲ့ငွေချေးရင် ကြုံရမယ့် အန္တရာယ်ကိုလည်း သဘောပေါက်အောင် လုပ်ထားပေးရမယ်။ အကြွေးဝယ်ကဒ်တွေဟာ အလွန်စရိတ်စကကြီးတယ်ဆိုတာ၊ ကဒ်ထုတ်ပေးဖို့ လက်မှတ် ထိုးပေးအချိန်တုန်းက ဘယ်သူမှထုတ်ပြောကြမှာ မဟုတ်ဘူးဆိုတာ သင်ပေးထားသင့်တယ်။

အရစ်ကျဝယ်တာ အေးအေးဆေးဆေး အကြွေးဆပ်လို့ရတာ မျိုးတွေဟာ လစဉ် ပိုက်ဆံနည်းနည်း ပေးရတာလောက်နဲ့ပဲ မပြီးဘူးဆိုတာလဲ သိထားသင့်တယ်။

အကြွေးဝယ်၊ အရစ်ကျဝယ်ထားတဲ့ ပစ္စည်းကို ပြန်သိမ်းသွားတာတောင်မှ ဘဏ်ကို ဆပ်စရာ အကြွေးကျန်နေသေးတယ်ဆိုတာ သိထားသင့်တယ်။

အထက်ကပြောခဲ့တာတွေရယ်၊ အဲဒီထဲမှာ မပါသေးတာတွေ အများကြီးရယ်ကို

mgyoe.com

လေ့လာဖို့လိုအပ်ပါတယ်။ ကိုယ်ပိုင်ငွေနဲ့ ပတ်သက်တဲ့ အခြေခံဗဟုသုတတွေ၊ မှန်မှန်ကန်ကန် ရထားရင် သူ့ကိုလာပြီး ဆွဲဆောင်နေတဲ့ လုပ်ငန်းအမျိုးမျိုးမှာ ရင်းနှီးမြှုပ်နှံ ဖို့အတွက် စိစစ်သုံးသပ်ဖို့ ပိုလွယ်ပါလိမ့်မယ်။ မသမာတဲ့ ငွေကြေးအဖွဲ့အစည်းတွေ လုပ်သမျှခံရတဲ့ ဓားစာခံဘဝကို ရှောင်ရှားနိုင်ပါလိမ့်မယ်။

တကယ်တော့ ငွေကြေးကို ဉာဏ်ပညာရှိရှိ၊ ဆင်ဆင်ခြင်ခြင် ကိုင်တွယ်တာဟာ ဒီနေ့ခေတ် လောကမှာ ရှင်သန်နေထိုင်နိုင်ဖို့ အခြေခံကျတဲ့ ကျွမ်းကျင်မှုတစ်ခုလည်း ဖြစ်ပါတယ်။

ဒီဘာသာရပ်ကို ကျောင်းတွေမှာ အသက်ရှင်သန်ရေး ကျွမ်းကျင်မှုဆိုင်ရာ ဘာသာရပ်တစ်ခုအနေနဲ့ သင်ကြားရလောက်အောင်ကို အရေးကြီးတယ်ထင်ပါတယ်။ သင်ရိုး ညွှန်းတမ်းတွေမှာ ထည့်သွင်းဖို့တောင် အကြံပြုထားပါတယ်။

ဒီစာအုပ်လေးဟာ ကလေးတွေ ငွေရေးကြေးရေးပညာ တိုးပွားလာအောင် လုပ်ပေးနိုင်မယ်လို့ ယူဆပါတယ်။ စာအုပ်ကို ကလေးတွေကိုယ်တိုင်ဖတ်ပြီး ကိုယ်ပိုင်ငွေကြေးကို စီမံခန့်ခွဲဖို့ အခြေခံ ဗဟုသုတ တချို့ရမယ်လို့ မျှော်လင့်ပါတယ်။

အက်စ်အမ်မိုဟာမက်အဒရပ်
ဥက္ကဋ္ဌ
ပီနန်စားသုံးသူအသင်း



mgyoe.com

## အခန်း ( ၁ )

# ကောင်းမွန်တဲ့ ဘဝ

**၁။ ကောင်းမွန်တဲ့ဘဝ**

ကိုယ့်ကလေးတွေကို ကောင်းတဲ့ဘဝတစ်ခုမှာ ပျော်ပျော်နေစေချင်တယ်။ ဒါပေမဲ့ ကောင်းတဲ့ဘဝဆိုတာ ဘာလဲ၊ ပိုက်ဆံတွေအများကြီးရှိတာလား အိမ်ထောင်ရေး အဆင်ပြေတာလား၊ အလုပ်အကိုင်ကောင်းကောင်းရတာလား။

ကောင်းတဲ့ဘဝကို ဘယ်လိုပဲအဓိပ္ပာယ်ဖွင့်ဖွင့်၊ ငွေကြေးဟာအရေးပါတဲ့ နေရာမှာရှိနေတယ်။ ဒါပေမဲ့ ကောင်းတဲ့ဘဝဆိုတာ (C) ငါးလုံးရှိမှဖြစ်တာလို့ ယုံကြည်နေတဲ့သူတွေရှိတယ်။ အဲဒီ–စီ– ငါးလုံးက အကြွေးဝယ်ကဒ် (Credit card)၊ တိုက်ခန်း (Cordominium)၊ မော်တော်ကား (Car)၊ ပိုက်ဆံ (Cash) နဲ့၊ ကလပ်အသင်းဝင် (Club Member)တွေ ဖြစ်တယ်။ ကောင်းတဲ့ဘဝကို ဒီလိုအဓိပ္ပာယ်ဖွင့်တာဟာ သိပ်ပြီးရုပ်ပိုင်းဆန်ရုံသာမက မှန်လည်းမမှန်ဘူး။

အဲဒီ (C)ငါးလုံးကို ရဖို့အတွက် ကြွေးလည်ပင်းနစ်ပြီး ဒုက္ခရောက်ရတဲ့သူတွေရှိတယ်။

ကြွေးနွံနစ်ပြီး အဲဒီကြွေးနွံကရုန်းမထွက်နိုင်တာဟာ ဘဝရဲ့အကြီးမားဆုံး ဒဏ်ရာတစ်ခုပဲ။ ဘာဖြစ်လို့လဲဆိုတော့ ကြွေးတင်ရာကနေ ပိုင်ဆိုင်သမျှတွေ ဆုံးရှုံးမယ် နာမည်ပျက်မယ် စိတ်မငြိမ်းချမ်းရဘူး ပျော်ရွှင်တဲ့မိသားစုဘဝကိုလည်း ထိခိုက်မယ်။

mgyoe.com

mgyoe.com

လူအတော်များများ ကြွေးတင်ရတဲ့အကြောင်းက 'ယဉ်ကျေးမှု' အရလိုအပ်ချက်တစ်ရပ်ဖြစ်တယ်လို့ ထင်နေတာတွေနောက် လိုက်လိုက်နေရလို့ပါ။ တတ်နိုင်တာမဟုတ်ဘဲနဲ့ သူတို့တစ်သက်လုံးစုထားသမျှတွေ သူများဆီကအများကြီး ချေးထားတာတွေကို သားသမီးတွေရဲ့ မင်္ဂလာဆောင်တို့၊ နှစ်သစ်ကူးတို့၊ သင်္ကြန်တို့လို ပျော်ရွှင်ပွဲတွေအတွက် သုံးကြတယ်။ အဲသလိုပွဲလမ်းတွေအတွက် တကယ်တမ်းကတော့ အများကြီးသုံးဖို့မလိုပါဘူး။ ဒီနည်းနဲ့မိတ်ဆွေတွေ ဆွေမျိုးတွေ အထင်ကြီးအောင်လုပ်ဖို့လည်း မလိုပါဘူး။

နောက်ပြဿနာတစ်ခုကတော့ တတ်နိုင်တာလည်းမဟုတ်ဘဲနဲ့ ခေတ်မီအသုံးအဆောင်တွေ၊ ပစ္စည်းတွေ ပိုင်မှဖြစ်မယ်လို့ ထင်တာပဲ။

လူမှုဒုက္ခတွေကြောင့်လည်း လူအတော်များများ ကြွေးတင်ကြတယ်။ အရက်တွေ၊ ဆေးလိပ်တွေ၊ မူးယစ်ဆေးဝါးတွေ၊ လောင်းကစားတွေ စွဲကုန်ကြတယ်။

ကြွေးမြီဆိုတဲ့ ထောင်ချောက်ထဲကျလို့ မိသားစုတွေကိုလည်း ပြိုကွဲစေတတ်တယ်။ သားသမီးတွေက သူတို့ယူထားတဲ့ ကြွေးတွေကို မဆပ်နိုင်တာနဲ့၊ ကိုယ့်မှာတာဝန်ကင်းရအောင်ဆိုပြီး သားသမီးအဖြစ်က စွန့်ပစ်တယ်ဆိုတဲ့ မိဘတွေရှိတယ်။

ဒါကြောင့် ကောင်းမွန်တဲ့ ဘဝဆိုတာ ဘဏ်တွေကမထိန်းချုပ်ဘဲ ကိုယ်ဘဝကိုကိုယ်ထိန်းချုပ်နိုင်တဲ့ဘဝမျိုးကို ဆိုလိုပါတယ်။ မော်တော်ကားဝယ်ထားတဲ့ အကြွေး၊ အရစ်ကျပေးဝယ်ထားတဲ့အကြွေးတွေအတွက် ကြွေးရှင်ကတစ်ချိန်လုံး လိုက်တောင်းတာကို ခံနေရရင် ကိုယ့်ဘဝကိုယ်ထိန်းချုပ်ထားနိုင်မှာမဟုတ်ဘူး။

ကြွေးမြီထောင်ချောက်ဟာ အလွန်ဆိုးဝါးတဲ့ သံသရာကိုလည်းစေပြီး၊ ချိုးထွက်ဖို့လဲ ခက်စေနိုင်တယ်။ ပိုက်ဆံကို ကြွေးပဲဆပ်နေရရင် အနာဂတ်အတွက် မစုဆောင်းနိုင်ဘူး။ ကြိုးစားပမ်းစားအလုပ်လုပ်ပေမယ့်လည်း ဘာမှဖြစ်လာမှာ မဟုတ်ဘူး။

ဒါကြောင့်ကလေးတွေ ဉာဏ်ပညာရှိရှိ– ကိုယ့်ပိုက်ဆံကို စီမံခန့်ခွဲတတ်ပြီး၊ အနာဂတ်အတွက်စုတတ် ရင်းနှီးမြှုပ်နှံတတ်အောင် သင်ပေးရမယ်။ စုဆောင်းဖို့ အားပေးတဲ့အနေနဲ့၊ သူ့မုန့်ဘိုးထဲက တချို့ကို လစဉ်လတိုင်းဖယ်ခိုင်းထားရမယ်။ အရင်ဆုံးစု– ပြီးမှသုံးစေရမယ်။ သုံးပြီးလို့ကျန်တာကို စုတာမျိုးမလုပ်စေရဘူး။ သုံးပြီးမှစုရင် ဘာမှကျန်တော့မှာ မဟုတ်ဘူး။

ကောင်းမွန်တဲ့ဘဝဆိုတာ ငွေကြေးကိစ္စတခုတည်းပဲ မဟုတ်ဘူး။ ဒါပေမဲ့ ငွေကြေးဟာ အရေးပါတဲ့ နေရာမှာရှိနေတယ်။ ငွေမရှိရင်– မရှင်သန်နိုင်ဘူးလေ။

ကလေးတွေကို သင်ပေးထားရမယ့် အရေးကြီးတဲ့ သင်ခန်းစာက၊ ကောင်းမွန်တဲ့ဘဝကို ခံစားဖို့အတွက် ကိုယ့်ဘဝကို ကိုယ်ထိန်းချုပ်နိုင်ရမယ်။ ကိုယ့်ဘဝကို ကိုယ်ထိန်းချုပ်ထားနိုင်ဖို့ဆိုတာလည်း ကိုယ့်ငွေကိုကိုယ်ထိန်းချုပ်ထားနိုင်မှ ဖြစ်တာ။

mgyoe.com

mgyoe.com

## ၂။ ငယ်ကစ

ဒီနေ့ခေတ်ကလေးတွေဟာ ဟိုတုန်းကကလေးတွေထက် သုံးစရာငွေတွေ ပိုရကြတယ်။ အရင်မျိုးဆက်ထက်ပိုရကြတယ်။ ငွေအပေါ်မှာထားရှိတဲ့ သူတို့ရဲ့ သဘောထားကို သူတို့မိဘတွေ၊ မီဒီယာတွေနဲ့ သူငယ်ချင်းတွေရဲ့ လွှမ်းမိုးမှုရှိမယ်။ ကလေးတစ်ယောက် ဆယ်ကျော်သက် တစ်ယောက်အနေနဲ့ သုံးစွဲပုံသုံးစွဲနည်းဟာ လူကြီးဘဝအရွယ်ရောက်ရင် ငွေအပေါ်ထားတဲ့ သဘောထားကို ပုံသွင်းမှာဖြစ်လို့ ငယ်ငယ်ကတည်းက လမ်းကြောင်းမှန်ဖို့ အရေးကြီးတယ်။

ငွေကိုကောင်းကောင်း စီမံခန့်ခွဲတတ်တဲ့ကလေးတစ်ယောက်ဟာ ပီပြင်တဲ့ ဘဏ္ဍာရေး ဆုံးဖြတ်ချက်တွေကို ချမှတ်နိုင်မယ့် အလားအလာများပြီး ငွေကြေးနဲ့ ပတ်သက်လို့ ဒုက္ခရောက်မယ့် အလားအလာနည်းတယ်။

ဒါပေမဲ့ ကလေးတွေကို ငွေကြေးရဲ့တန်ဖိုးအကြောင်း ဒီနေ့ခေတ်မှာ သင်ပေးရတာ သိပ်ခက်တယ်။ အခုခေတ်က ငွေကိုသိပ်မကိုင်တဲ့ ငွေမဲ့လူ့အဖွဲ့အစည်းဖြစ်နေပြီ။ ဝယ်တဲ့ ကုန်စည်နဲ့ ဝန်ဆောင်မှုတွေအတွက် ချက်ချင်းငွေပေးတာမျိုးကို သူတို့ သိပ်မမြင် ဖူးကြဘူး။ ပြီးတော့ ချေးငွေတွေကလည်း အလွယ်တကူရနိုင်တာဖြစ်လို့ ငွေကြေးကို စီမံခန့်ခွဲဖို့ဟာ ပိုပြီး အရေးကြီးတယ်။

ဒါပေမဲ့ ဘဏ္ဍာရေး၊ ငွေရေးကြေးရေး ကျွမ်းကျင်မှုဆိုတဲ့ ဘာသာရပ်မျိုးကို ကျောင်းတွေမှာ သင်မပေးလေတော့ မိဘတွေကပဲ တာဝန်ယူပြီးသင်ပေးရမှာပဲ။ ဒီတော့ ဘယ်အချိန်ကစပြီး၊ ကလေးတွေကို စသင်ပေးကြမလဲ၊

### သုံးနှစ်သားကစ

ကလေးတွေဟာ မွေးကတည်းက ငွေကြေးစီမံခန့်ခွဲမှု စွမ်းရည်ရှိလာတာ မဟုတ်လေတော့ သင်ပေးဖို့လိုတယ်။ မိဘတွေအနေနဲ့ ကလေးသုံးနှစ်သားလောက် ကတည်းက စသင်ပေးနိုင်တယ်။ အဲဒီ အရွယ်ကတည်းက ကလေးဟာ အရုပ်ရဖို့၊ မုန့်ရဖို့၊ ပိုက်ဆံပေးရတယ်ဆိုတာ နည်းနည်းသဘောပေါက်နေပြီ။ မိသားစုနဲ့ ဈေးဝယ်ထွက်ကတည်းက သူတို့သတိထားမိနေပြီ။

### နမူနာကောင်းပြ

လုပ်ပြတာက ပြောတာထက်ပိုထိရောက်တယ်။ ငွေကြေးနဲ့ပတ်သက်တဲ့ ကလေးရဲ့ သဘောထားကို ပုံသွင်းရမှာလဲ ဒီလိုပဲ။ မိဘတွေပြောတာတစ်မျိုး၊ လုပ်တာ ကတစ်မျိုးဖြစ်နေရင် လည်း ကလေးတွေက သဘောပေါက်တယ်။ ဒါကြောင့် မိဘတွေဟာ ကိုယ့်ရဲ့သဘောထား ကိုယ်လုပ်ပုံကိုင်ပုံတွေကို အရင်ဆုံးသုံးသပ်သင့်

mgyoe.com

mgyoe.com

တယ်။ ဥပမာ– ကိုယ်တိုင်ကကြွေးတင်နေတဲ့ ပေါ်သမျှ အဝတ်အစားတွေ၊ နာမည်ကျော်တံဆိပ်တွေ ကိုယ့်ကိုယ်ပေါ်မှာတင်ပြီး အခမဲ့ လမ်းလျှောက် ကြော်ငြာပေးနေတာမျိုး မဖြစ်စေရဘူး။

## မုန့်ဖိုး

မိဘတွေက နမူနာကောင်းပြတာအပြင် ကလေးတွေဟာ အတွေ့အကြုံက လည်း သင်ခန်းစာ ယူကြတယ်။ ဒါကြောင့် မိဘတွေအနေနဲ့ ကလေးတွေ ငွေကြေး ကိုင်တွယ်တဲ့ အလေ့ အထရှိအောင် လုပ်ပေးသင့်တယ်။ ဒီနေရာမှာ မုန့်ဖိုးပေးတာဟာ အရေးကြီးတယ်။

## ဘာဖြစ်လို့လဲ

မုန့်ဖိုးဟာ ပေးတတ်ရင် ဆရာကောင်းဖြစ်တယ်။ စိတ်ချရတဲ့နေရာမှာ ကလေးတွေ ငွေကြေးကို စီမံခန့်ခွဲခွင့်ရတယ်။ မုန့်ဖိုးပေးတာက သိပ်များတာမဟုတ်လေတော့ အမှားအယွင်း ဖြစ်ရင်လည်း အန္တရာယ်မကြီးဘူး။ လူကြီးတွေဖြစ်သလို တစ်ချက်မှားတာနဲ့ အိမ်တွေကားတွေ ဆုံးရှုံးတာမျိုးမဖြစ်နိုင်ဘူး

မုန့်ဖိုးပေးတာဟာ ကလေးတွေ၊ ငွေရေးကြေးရေး တာဝန်ထမ်းတတ်အောင် လည်း သင်ပေးနိုင်တယ်။ ဥပမာ– ကလေးတစ်ယောက်က ကစားစရာအသစ်တစ်ခု ဝယ်ချင်တယ်ဆိုရင် အဲဒီကစားစရာကို ရဖို့၊ မုန့်ဖိုးထဲက တချို့ကိုစုခိုင်းနိုင်တယ်။

ကိုယ့်ကလေးရဲ့ အသက်အရွယ်ကိုလိုက်ပြီး ကစားစရာဝယ်ဖို့လို့ သူ့ရည်မှန်းချက်ကို ရဖို့အတွက် အထောက်အကူပေးနိုင်တယ်။ သုံးတဲ့စုတဲ့ အစီအစဉ်လေးတစ်ခု ဆွဲထားခိုင်းဖို့၊ အခွင့် အလမ်းကောင်းတစ်ခု ဖြစ်တယ်။ ကစားစရာရဖို့ ဘယ်လောက်စုရမယ်၊ ဘယ်လောက်ကြာကြာ စုရမယ်ဆိုတာ သိသွားအောင် သင်ပေးနိုင်တယ်။

ကစားစရာဝယ်ဖို့ ငွေစုခိုင်းလိုက်တာဟာ အစစအရာရာ ခုချက်ချင်းရတာမျိုး မဟုတ်ဘူး၊ ချက်ချင်းအလိုမပြည့်နိုင်ဘူးဆိုတာ သိသွားအောင်သင်ပေးရာလည်း ရောက်တယ်။ ငွေစုတဲ့အကျိုးကို ခံစားရပြီး အရုပ်ဝယ်နိုင်တဲ့ကလေးဟာ နောင်အခါမှာ အကြွေးဝယ်ကဒ်ပြားလို အရစ်ကျပေးပြီး ဝယ်တာလို၊ တချို့လက်ငင်းပေး တချို့နောက်မှချေရတာမျိုးလို ချက်ချင်းလက်ငင်းကျေနပ်မှု ရအောင် သွေးဆောင်မှု အမျိုးမျိုးနဲ့ရန်က လွတ်ကင်းနိုင်မယ်။

မုန့်ဖိုးပေးတာဟာ သိပ်အန္တရာယ်မကြီးတဲ့အမှားမျိုး၊ ကလေးတွေလုပ်မိဖို့ အခွင့်အရေး ရစေတယ်။ သူတို့လိုချင်တာနဲ့ တန်ဖိုးကိုစဉ်းစားဖို့ ရက်သတ္တပတ်

mgyoe.com


အနည်းငယ်လောက် စုဆောင်းရင်း မျှော်လင့်တတ်တဲ့ အလေ့အကြံလေးရဖို့၊ အသုံးအဖြုန်းလွန်သွားတဲ့ ဒဏ်ကိုခံဖူးဖို့လည်း အထောက်အကူဖြစ်တယ်။

အသုံးအဖြုန်းလွန်သွားရင် ကလေးကိုငွေထပ်မပေးပါနဲ့။ ကလေးကို ကယ်တင်လွန်း အလိုလိုက်လွန်းရင် အသုံးအဖြုန်းလွန်တာရဲ့ ရလာဒ်ကို ဘယ်တော့မှ သဘောပေါက်တော့မှာ မဟုတ်ဘူး။

တကယ်လို့ ကိုယ့်ကလေးအသုံးအဖြုန်းလွန်သွားရင် သူ့အသုံးစရိတ်တွေ ကာမိဖို့၊ မိဘတွေက ငွေချေးနိုင်တယ်။ အကြွေးကိုသုံးတတ်တဲ့ အလေ့အကျင့်ရအောင် ဘယ်အချိန် ဘယ်ကာလမှာ ပြန်ဆပ်မယ်ဆိုတာပဲ လုပ်ထားရမယ်။

ဒါပေမဲ့ ကလေးက အခုတိုင်းပဲ ဆက်ပြီးအလွန်အကျွံ သုံးနေမယ်ဆိုရင်တော့ မုန့်ဖိုး လျှော့ပေးရမယ့် အချိန်ရောက်ပြီ။

**ဘယ်အရွယ်လဲ**

မူလတန်းကျောင်းတက်ပြီဆိုရင် မုန့်ဖိုးပေးဖို့အချိန်ရောက်ပြီ။ မုန့်ဆိုင်မှာ ကိုယ့်ဘာသာကိုယ် ပိုက်ဆံကိုင်ပြီး ဝယ်တတ်တဲ့ အရွယ်ရောက်တဲ့အထိ အသက်ကြီးလာဖို့လိုတယ်။

**ဘယ်လောက်လဲ၊**

ကလေးကိုဘယ်လောက်ပေးမလဲဆိုတာ ကိုယ်က ဘယ်လောက်ပေးနိုင်သလဲ၊ စားသောက်ဆိုင်က မုန့်တွေက ဘယ်လောက်ဈေးကြီးသလဲဆိုတာတွေ အပေါ်မူတည်တယ်။ သူ့တခြားသူငယ်ချင်းတွေ မုန့်ဘိုး ဘယ်လောက်ရကြသလဲဆိုတာ သိထားရင်လည်းကောင်းတယ်။

မိဘနဲ့သားသမီးတွေ မုန့်ဖိုးဘယ်လောက်သုံးရမလဲဆိုတာ သဘောတူညီချက်ရထားရမယ်။ မုန့်ဆိုင်မှာမုန့်ဝယ်စားဖို့အတွက်ပဲ ဖြစ်ပေမယ့်၊ နည်းနည်းပိုပေးပြီး၊ ဆုံးဖြတ်ချက်ချတတ်တဲ့ အလေ့အကျင့်ရအောင်လုပ်ပေးနိုင်ပါတယ်။

အရွယ်ရောက်တဲ့သူတွေအနေနဲ့ ကျွန်တော်တို့ဟာ ဘာတွေသုံးမလဲလို့ ရွေးချယ်ရ၊ စဉ်းစားကြရတယ်။ ရွေးချယ်သမျှ စဉ်းစားသမျှဟာ အမှန်တွေချည်းဖြစ်တာ မဟုတ်ဘူး။ ငွေသုံးရာမှာ အဆုံးအဖြတ်မှား၊ ရွေးချယ်မှုမှားတာရဲ့ ရလဒ်ကို လက်ခံနေထိုင်တတ်ဖို့ဟာလည်း တန်ဖိုးရှိတဲ့ သင်ခန်းစာတစ်ခုဖြစ်တယ်။ ဒါကြောင့် ကလေးတွေ ဆုံးဖြတ်ချက်မှားရင်လည်း မှားပါစေ။ သူတို့ရဲ့ အမှားတွေကနေ သင်ခန်းစာယူပါစေ။

mgyoe.com

mgyoe.com

**မကြာခဏလား**

စစချင်းတော့ ကလေးကသိပ်ငယ်သေး၊ ငွေကိုလည်းမကိုင်တတ်သေးတော့ နေ့စဉ်မုန့်ဖိုး ပေးနိုင်တယ်။ ကလေးကြီးလာပြီဆိုရင် တစ်ပတ်စာပေးနိုင်တယ်။ ဆယ်ကျော်သက်အရွယ်ရောက်ပြီဆိုရင် တစ်လစာ– လစဉ်ပေးနိုင်တယ်။ နောက်တစ်ခါ မုန့်ဖိုးပေးဖို့ စောင့်ရတဲ့အချိန်ကြာလေ အရအသုံးစီမံခန့်ခွဲမှု ပိုလုပ်ရလေပါပဲ။

**အရသုံးခန့်မှန်းခြင်း**

အသုံးများသွားတာဟာ ငွေကြေးကို စီမံခန့်ခွဲရာကရတဲ့ သင်ခန်းစာတစ်ချို့ပဲ။ ခဏခဏ အသုံးလွန်လွန်သွားတတ်ရင် ဘာလို့ဖြစ်ရတယ်ဆိုတာ ဖော်ထုတ်ဖို့လိုလာပြီ။ ကိုယ့်ကလေးက ဘယ်နေရာတွေမှာ သုံးပစ်သလဲ ဘာဖြစ်လို့ ကုန်သွားတယ်ဆိုတာ သူသိသလား၊ ဘယ်လို ကုန်လို့ ကုန်သွားမှန်းမသိဘူးဆိုရင် ကိုယ့်မုန့်ဖိုး အရ အသုံးကို မှတ်တမ်းထားခိုင်း၊ ဒီနေရာမှာ အရအသုံးခန့်မှန်းမှု ဝင်လာတော့တာပဲ။

အရအသုံးခန့်မှန်းတာဟာ သူဘယ်လိုသုံးလိုက်သလဲဆိုတာကို ခြေရာကောက်ဖို့ အထောက်အကူဖြစ်တယ်။ ပြီးတော့ အသုံးစရိတ်တွေဟာ တကယ်လိုအပ်လို့သုံးတာလား၊ မလိုအပ်ဘဲ သုံးနေတာလား၊ ချွေလို့ရမလားဆိုတာ၊ စဉ်းစားဆုံးဖြတ်နိုင်တယ်။

**အိမ်စရိတ်**

ရေဖိုး၊ မီးဖိုး၊ တယ်လီဖုန်းစရိတ်တွေ လစဉ်ပေးနေတဲ့အခါ ကလေးကို အနား မှာခေါ်ထားပြီး ဘယ်စရိတ်က ဘယ်လောက်ကုန်တယ်ဆိုတာ သိအောင်လုပ်ပေးနိုင်တယ်။ ဒါဆိုရင် တစ်လတစ်လ ဘယ်ဟာက ဘယ်လောက်ကုန်တယ်ဆိုတာ သူ သိသွားနိုင်တယ်။ သူလောလောဆယ်နေသားကျနေတဲ့ ဘဝနေပုံမျိုးကို နေနိုင်ဖို့ အတွက် ဘယ်လောက်ကုန်ကျတယ်ဆိုတာ သိနားလည်ရင် အခန်းထဲလူမရှိတဲ့အခါ ပန်ကာတွေ၊ မီးတွေပိတ်ပြီး စရိတ်သက်သာအောင်လုပ်ဖို့ သဘော ပေါက်သွားစေနိုင်ပါတယ်။

mgyoe.com

mgyoe.com


**ဈေးဝယ်တဲ့အခါ**

ကိုယ်ဈေးဝယ်တဲ့အခါ ကလေးကိုခေါ်သွားရင် ဘယ်ဟာကဘယ်လောက်ကုန်ကျတယ် ဆိုတာ ကလေးသိစေနိုင်တယ်။ ဘယ်တံဆိပ်၊ ဘယ်အမျိုးအစားကို ဘာကြောင့်ရွေးချယ်ရတယ်ဆိုတာ ကလေးသိစေနိုင်တယ်။ ပစ္စည်းတွေရဲ့ ရောင်းဈေးသာမက တစ်ယူနစ်စီရဲ့စရိတ်ကို ကြည့်တာရဲ့ အရေးပါမှုကိုပါ သင်ပေးပါ။

ဈေးလျှော့ရောင်းတဲ့အခါ ဘယ်လောက်ဈေးသက်သာတယ်ဆိုတာရယ်၊ ဈေးဝယ်မယ့်စာရင်းရှိဖို့ အရေးကြီးတယ်ဆိုတာတွေကိုပါ၊ သင်ပေးပါ။

**အရင်ဆုံးချန်ထား**

ကလေးတွေအနေနဲ့ မိဘတွေ လခထုတ်လာတဲ့အခါ ပိုက်ဆံတချို့အရင်ဆုံးဖယ်ထားတာကို မြင်သင့်တယ်။ လတစ်လရဲ့ အဆုံးမှာထက် အစမှာစုရတာ ပိုပြီးလွယ်တယ်။

ကလေးတွေက မိဘတွေလတိုင်း ဒီလိုလုပ်တာကိုမြင်ရင် ဒါဟာ စံချိန်စံညွှန်းတစ်ခုဖြစ်သွားတယ်။



mgyoe.com

mgyoe.com

# အခန်း ( ၂ )

# ဘယ်နှစ်ခါပေးမှာလဲ

စစချင်းတော့ ကလေးကငယ်သေးပြီး ငွေကိုကိုင်နေကျမဟုတ်လေ တော့ နေ့တိုင်းပေးနိုင်တယ်။ ဒါပေမဲ့ ကလေးက အရွယ်ရောက်လာပြီဆိုရင် အပတ်စဉ်– တစ်ပတ်တစ်ခါပေးလို့ ရသလို အသက်နှစ်ဆယ်နားနီးလာရင် တစ်လတစ်ခါလည်းပေးလို့ရတယ်။

ကလေးအနေနဲ့ နောက်တစ်ခါအိတ်ဆောင်ငွေရဖို့ စောင့်ရတဲ့ကာလ ကြာမြင့်လေ ငွေကြေးကို ခွဲဝေသုံးစွဲတဲ့ ခန့်မှန်းတတ်တဲ့ အလေ့အထကို လေ့ကျင့်ရလေပါပဲ။

## ကြိုတင်ခန့်မှန်းအရအသုံး

ငွေကြေးကို စီမံခန့်ခွဲရာမှာ အကျုံးဝင်တဲ့သင်ခန်းစာတစ်ခုကတော့ အသုံးအဖြုန်း လွန်ကဲတာပါ။ မကြာခဏ အသုံးအဖြုန်းလွန်ကဲနေပြီ ဆိုရင်တော့၊ ဘာကြောင့်ဖြစ်ရတယ်ဆိုတာ အဖြေရှာဖို့လိုအပ်လာပြီ။ ကိုယ့်ကလေးဟာ ဘယ်နေရာမှာပြောင်အောင် သုံးပစ်လိုက်သလဲ၊ ဘယ် ရောက်သွားတယ်ဆိုတာ သူသိရဲ့လား၊ တကယ်လို့ မသိဘူးဆိုရင် ဒီအချိန်ဟာ ငွေကြေးနဲ့ ပတ်သက်လို့ မှတ်တမ်းထားဖို့ကောင်းတဲ့

mgyoe.com

mgyoe.com
အကြောင်း အကြံပေးဖို့ကောင်းတဲ့အချိန်ပဲ။ ဒီနေရာမှာ အရအသုံး ကြိုတင်ခန့်မှန်းမှုဟာ အရေးပါလာတယ်။

အရအသုံးကြိုတင်ခန့်မှန်းတာဟာ ပိုက်ဆံကို ဘယ်လိုသုံးမိသလဲဆိုတာ ခြေရာခံဖို့ အဲဒီအကုန်အကျတွေဟာ ကုန်သင့်မကုန်သင့်ဆုံးဖြတ်ဖို့၊ လျှော့ချနိုင်သလား– မလျှော့နိုင်ဘူးလား ဆိုတာသိဖို့ အသုံးဝင်တယ်။

## အိမ်ထောင်စုအသုံးစရိတ်တွေ

လစဉ်ပေးစရာရှိတဲ့ ရေဖိုး၊ မီးဖိုး၊ တယ်လီဖုန်းဖိုးတွေ ပေးတဲ့အခါ၊ ကိုယ့်အနားမှာ ကိုယ့်ကလေးရှိနေရင်၊ အသုံးစရိတ်တခုစီအကြောင်းကို ရှင်းပြနိုင်တယ်။ ဒါဆိုရင် တစ်လတစ်လ၊ ငွေတွေဘယ်ရောက်သွားသလဲဆိုတာ သူသိစေနိုင်တယ်။

သူနေသားကျနေတဲ့ ဘဝနေနည်းတစ်ခုအတိုင်း နေနိုင်အောင် ဘယ်လောက်အကုန်ခံရ တယ်ဆိုတာသိသွားရင် အခန်းထဲမှာ လူမနေတဲ့အခါ ပန်ကာတွေ၊ မီးတွေ ပိတ်ရင်၊ စရိတ် သက်သာနိုင်တယ်ဆိုတာ သူမြင်သွားမယ်။

## ဟင်းချက်စရာတွေဝယ်တာ

ဟင်းချက်စရာတွေသွားဝယ်တဲ့အခါ ကိုယ့်ကလေးကို ခေါ်သွားရင် ဘယ်ပစ္စည်းတွေက ဘယ်လောက်တန်တယ်ဆိုတာ သဘောပေါက်သွားအောင် လုပ်နိုင်တယ်။ ပစ္စည်းအမျိုးအမည်တွေရဲ့ ရောင်းဈေးထက် ပစ္စည်းတစ်ခုချင်း ဘယ် လောက်တန်တယ်ဆိုတာ တွက်တတ်ဖို့ အရေးကြီး တယ်ဆိုတာ သင်ပေးထားရမယ်။

ဈေးလျှော့တဲ့အချိန်မျိုးတွေဆို စရိတ်သက်သာနိုင်၊ ချွေတာနိုင်တဲ့အကြောင်းနဲ့ ဈေးသွားရင် ဈေးဝယ်မယ့် စာရင်းပါဖို့ အရေးကြီးတဲ့အကြောင်းတွေကိုလည်း သင်ပေးထားရမယ်။

## ကိုယ့်အတွက်ကို အရင်ပေး

လူကြီးတွေလခထုတ်လာတဲ့အခါ တချို့ပိုက်ဆံတွေကို ဖယ်ထားပြီး ကိုယ့်အတွက်ကို အရင်ပေးတာ ကလေးတွေတွေ့သင့်တယ်။ လဆန်းမှာ စုတာက လကုန်မှာ စုတာထက် ပိုလွယ်တယ်။ လူကြီးတွေက အဲသလိုလတိုင်းလုပ်နေတာတွေ့ရင် အဲဒါဟာ စံချိန်စံညွှန်းတစ်ရပ်ပဲလို့ သဘောပေါက်ပြီး သူတို့လခရတဲ့အခါ အဲသလိုငွေစုတဲ့ အကျင့်ကို အတုခိုးနိုင်တယ်။

mgyoe.com

## လိုအပ်တာနဲ့လိုချင်တာ

လိုအပ်တာနဲ့လိုချင်တာရဲ့ ခြားနားချက်ကို ရှင်းပြပါ။ ဥပမာ စားစရာ၊ နေစရာ၊ အဝတ်အထည်၊ မီး၊ ခရီးစရိတ်ဆိုတာတွေဟာ လိုအပ်တာတွေ ဖြစ်တယ်။ အဝတ်အစားအဆင်ဆန်းတွေ၊ ထူးထူးဆန်းဆန်း အစား အသောက်တွေ၊ လူသိများတဲ့ကာတွန်း ရုပ်လိုလုပ်ထားတဲ့ ကစားစရာတွေ ကတော့ 'လိုချင်' တာတွေပေါ့။

လူကြီးတွေ၊ မိဘတွေ၊ ပိုက်ဆံဘယ်လိုသုံးနေကြတယ်ဆိုတာ ကလေးတွေက အမြဲတမ်း စောင့်ကြည့်နေတယ်ဆိုတာ မမေ့ပါနဲ့။ ပူဆာနေတဲ့ ကလေးကို 'အဲဒါကြီးကမလိုဘူး' 'မဖြုန်းနဲ့' လို့ပြောပြီး ကိုယ်ကအဲသလို လိုချင်တာတွေ လျှောက်ဝယ်နေတာမျိုး မဖြစ်အောင် သတိထားပါ။

ကိုယ့်(မိဘ)ရဲ့တာဝန်က မိသားစုရဲ့ လိုအပ်ချက်တွေကို အရင်ဆုံး ဖြည့်စွမ်းပေးဖို့ ဖြစ်ကြောင်း ကိုယ့်ကလေးသိနေအောင် လုပ်ထားပါ။ လိုအပ် ချက်တွေကို ဖြည့်ဆည်းပြီးတဲ့အခါ ကျမှ မိသားစုအနေနဲ့ တခြားအသုံးစရိတ် တွေကို အကုန်ခံဖို့ စဉ်းစားနိုင်မယ်။

## ငွေစုစာရင်း

ကိုယ့်ကလေးအတွက် ငွေစုစာရင်းဖွင့်ထားပေးပါ။ အဲသလိုဆိုရင် တစ်နှစ် တစ်ခါ သူ့ငွေတွေ တိုးပွားနေတာကို တွေ့တဲ့အခါ ပိုပြီးစုဖို့အားပေးရာ ရောက်နိုင်ပါ တယ်။ တချို့ဘဏ်တွေက ကလေးတွေ ငွေစုတယ်ဆိုရင် လက်ဆောင်ပေးတာတို့၊ ကလပ်အသင်းဝင်အဖြစ် အသိအမှတ်ပြုတာတို့ လုပ်ကြတယ်။

## ကြော်ငြာ

ရုပ်မြင်သံကြားကြည့်တဲ့အခါ ကြော်ငြာတွေအကြောင်းကို သဘောပေါက်အောင် လုပ်ထားပေးပါ။ ရုပ်မြင်သံကြားဖန်သားပြင်မှာ ပေါ်လာတဲ့ကြော်ငြာတွေရဲ့ စွမ်းအားကို ဘယ်တော့မှ လျှော့မတွက်ပါနဲ့။ ကြော်ငြာထဲမှာပါတဲ့ ပစ္စည်းတစ်ခုရဲ့ ကောင်းကျိုးကို၊ အကြီးအကျယ်ချဲ့ကား ကြော်ငြာထားတဲ့အကြောင်း ကြော်ငြာမှာပါတာနဲ့ လက်တွေ့ ကိုယ်ရမယ့်ဟာ မတူတဲ့အကြောင်း ပြောပြပါ။

❂

mgyoe.com

mgyoe.com

# အခန်း ( ၃ )

## ဆယ်ကျော်သက်တွေနဲ့ အပေးအယူ

သမီးက စကိတ်ဘုတ်ဝယ်ချင်တာ အမေကဝယ်မပေးဘူးတဲ့။ သားက ကမ္ဘာကျော် တံဆိပ်တပ်ဖိနပ်တစ်ရံ လိုချင်တာ အဖေက ပေးမဝယ်ဘူးတဲ့။ သမီးက မုန့်ဖိုးမလောက်လို့ ထပ်ပေးစေချင်တာကို မိဘတွေက မပေးနိုင်ဘူးတဲ့။

ဆယ်ကျော်သက်တွေအနေနဲ့ မိဘတွေက ငွေရေးကြေးရေးနဲ့ ပတ်သက်ရင် ဘာဖြစ်လို့ ဒီလောက်လက်ခက်နေမှန်း နားမလည်ကြသလို မိဘတွေကလည်း ကလေးတွေဟာ ပစ္စည်း ကောင်းကောင်းတွေ ရထား ..ါရဲ့နဲ့ ဘာဖြစ်လို့ထပ်ထပ်ပြီး လိုချင်နေကြရတာလဲလို့ နားမလည်နိုင်ကြပါ း။ ဒီလိုနားမလည်ကြတာဟာ ကသိကအောင့်ဖြစ်စရာ ဖြစ်ပေမယ့် မိဘတွေနဲ့ ဆယ်ကျော်သက် သားသမီးတွေ ငွေရေးကြေးရေးကိစ္စအတွက် အမြဲတမ်းရန်ဖြစ်နေဖို့ မလိုပါဘူး။ အိမ်တွင်းရေးမှာ သံတမန်ဆန်ဆန် ကျင့်သုံးပြီး အပေးအယူအလျှော့အတင်း လုပ်ရင်းနဲ့ ငြိမ်းချမ်းတဲ့ အဖြေတွေ ပေါ်ထွက်လာနိုင်ပါတယ်။

ဆယ်ကျော်သက်တွေ မကျေမနပ်ဖြစ်နေတာကို ဖြေရှင်းဖို့ဆိုရင် နှစ်ဖက်စလုံးက နားထောင်ချင်တဲ့စိတ်ရှိရမယ်။ ပြီးတော့ တစ်ဖက်သား ခံသာတဲ့ စကား၊ စေတနာကောင်းနဲ့ ပြောတဲ့စကားတွေနဲ့ စရပါမယ်။

mgyoe.com

## ဘာလို့ဝယ်မပေးလဲ

ဆယ်ကျော်သက်တွေ ပူဆာတာကို မိဘတွေကငြင်းပယ်တဲ့အခါ ငွေရေးကြေးရေးဟာ အဓိကအကြောင်းတရားတစ်ခု ဖြစ်ချင်လည်းဖြစ်မယ်၊ ဖြစ်ချင်မှလည်းဖြစ်မယ်။ အများအားဖြင့် မိဘတွေဟာ ရေရှည်အတွက်မျှော်ကိုးပြီး မိသားစုရဲ့ ပိုင်ဆိုင်မှုတွေကို မကုန်တန်တာမကုန်၊ မပျက်စီးတန်တာ မပျက်စီးရအောင် တာဝန်ယူဆောင်ရွက်ရတဲ့သူတွေ ဖြစ်တယ်။

တစ်လစာအတွက်ရတဲ့ ပိုက်ဆံက၊ လုံလောက်ရုံလောက်ပဲ ရှိနေမယ်ဆိုရင်၊ ဒီလအတွက် ဈေးကြီးတဲ့ပစ္စည်းကို ဝယ်ပေးဖို့ ဒါမှမဟုတ် မုန့်ဖိုးလခထပ်တိုးပေးဖို့ဆိုတာ မဖြစ်နိုင်တော့ဘူး။ ကျပ်ကျပ်တည်းတည်း၊ ချွေချွေတာတာ သုံးစွဲနေရတဲ့ မိဘတစ်ယောက်အတွက်၊ ဈေးကြီးတဲ့ ဖိနပ်တစ်ရံဝယ်ဖို့ဆိုရင်၊ တခြားနေရာတွေမှာချွေတာရ၊ စရိတ်ဖြတ်တောက်ရ လုပ်ရတော့မယ်။ သူတို့ရဲ့သားက တကယ်ကို ဖိနပ်အသစ်တစ်ရံလိုအပ်တယ်ဆိုရင် ဖိနပ်တစ်ရံဝယ်ပေးမှာ မှန်ပေမယ့် မိသားစုရဲ့အသုံးစရိတ် အကုန်လုံးပါသွားနိုင်တဲ့ ကမ္ဘာကျော်ဖိနပ်မျိုးကိုတော့ ဝယ်ပေးမှာ မဟုတ်ပါဘူး။

တချို့မိဘတွေက သူတို့ရဲ့ ဆယ်ကျော်သက်တွေအတွက် တော်တော်များများ သုံးပြီးသား စွဲပြီးသားဖြစ်နေတဲ့အတွက် လောလောဆယ်ဘာမှ အသစ်ဝယ်ပေးစရာမလိုဘူးလို့ ယူဆကြတယ်။ ဒါပေမဲ့ မိဘတွေငြင်းကြတာ ငွေကြေးဆိုတဲ့အကြောင်းတစ်ခုတည်းကြောင့် မဟုတ်ဘူး။ ဆယ်ကျော်သက်တွေ တချို့တန်ဖိုးထားမှု၊ (ဥပမာ– ချွေတာမှု၊ စုဆောင်းမှု၊ ဝင်ငွေနဲ့ အသုံးစရိတ်ကာမိဖို့၊ ရုပ်ပစ္စည်းတွေနောက် သိပ်မလိုက်စေချင်လို့ ကြော်ငြာတွေ ညာတာမခံရစေချင်လို့) တွေကြောင့်လည်း ဖြစ်နိုင်တယ်။

တခြားအကြောင်းတစ်ခုကတော့၊ အန္တရာယ်ကင်းဖို့ပဲ။ အမေက စက်ဘီးဖို့၊ စက်ဘီးဘုတ် ဝယ်မပေးတာဟာ သားအတွက် အန္တရာယ်အလွန်ကြီးလှတယ်လို့ မြင်လို့လည်းဖြစ်နိုင်တယ်။ မိဘတွေက သားသမီးတွေ ထိခိုက်မှာ၊ မလိုအပ်ဘဲ အရိုးတစ်ချောင်းကျိုးမှာကို မမြင်လိုကြဘူး။

မိဘတွေက ကလေးတွေကို သူတို့ဘာလို့ငြင်းပယ်ရတယ်ဆိုတာ ရှင်းပြနိုင်ရင် မိဘတွေနဲ့ကလေးတွေ သဘောတူညီချက်ရကောင်းရနိုင်တယ်။ ကျေနပ်ချင်မှလည်း ကျေနပ်မယ်။ ဒါပေမဲ့ အနည်းဆုံးတော့ ဘာကြောင့်ငြင်းရတယ်ဆိုတာ သိသွားနိုင်တယ်။

mgyoe.com